Embassy of the Republic of the Union of

Myanmar, Tokyo

# Embassy's Newsletter Volume – 18 ( 31st May 2023 )

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Qin Gang အား လက်ခံတွေ့ဆုံ၊

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ၊

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူနှင့်အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံဆွေးနွေး၊

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း(၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်၊

၅။ စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားဖွင့်ပွဲ အခမ်းအနားကျင်းပ၊

၆။ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အာရှပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Alexander James Matheou ကို လက်ခံတွေ့ဆုံ။

၇။ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ၊

၈။ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဂျပန်နိုင်ငံခြားသတင်းထောက်များအသင်း ( Foreign Correspondent Club of Japan-FCCJ) ၏ ဥက္ကဋ္ဌဟောင်း Mr. KHALDON AZHARI နှင့် တွေ့ဆုံဆွေးနွေး၊

၉။ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အသစ် ခန့်အပ်လွှာပေးအပ်၊

၁၀။ ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ၊

၁၁။ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် သတင်း၊

MYANMAR EMBASSY TOKYO

၁၂။ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ဆက်ကပ်ခံရသည့် ဂျပန်နိုင်ငံမှ ဘွဲ့ခံဆရာတော်ကြီး (၂)ပါးအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပခြင်း၊

၁၃။ The Asia–Pacific Festival & Charity Bazaar 2023 ဈေးရောင်းပွဲတော်တွင် မြန်မာ့ရိုးရာ လက်မှုပစ္စည်းများ ပြသရောင်းချခဲ့ခြင်း၊

၁၄။ ၂၀၂၃–၂၀၂၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ဧပြီလတွင် မြန်မာ–ထိုင်း နယ်စပ်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၃၉၀ ကျော်လွန်နေသည့် သတင်း၊

၁၅။ ဆိုင်ကလုန်းမုန်တိုင်း မိုခါ သဘာဝဘေးအန္တရာယ်သင့်ခဲ့သည့် ဒေသများရှိ ပြည်သူများအတွက် ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် စေတနာရှင်များက ငွေလှူဒါန်းခဲ့ခြင်း။

MYANMAR EMBASSY TOKYO

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Qin Gang အား လက်ခံတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Qin Gang အား ၂-၅-၂၀၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



ထိုသို့တွေ့ဆုံရာတွင် ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးက ယခုကဲ့သို့မိမိအနေဖြင့် မြန်မာနိုင်ငံသို့ ခရီးစဉ်လာရောက်ခြင်းမှာ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် ပထမဆုံးအကြိမ်အဖြစ် လာရောက်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်လာရောက်မှုမှာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဖော်ပြနေသည်သာမက တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်နေမှုကို ပြသခြင်းပင် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် နှစ်နိုင်ငံသံတမန်ဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ကုန်သွယ်မှုများ မြင့်တင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နိုင်ငံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ၂၇-၄-၂၀၂၃ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး၊ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပါသည်။



ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမှုအခြေအနေများ၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံမှုများ တိုးတက်စေရေးအတွက် ရုရှားနိုင်ငံ၌ မြန်မာနိုင်ငံကောင်စစ်ဝန်ရုံးများ တည်ဆောက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြားကူးလူးဆက်ဆံမှုများ တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှု လုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့နှင့် ပတ်သက်၍ ရင်းရင်း နှီးနှီးဆွေးနွေးခဲ့ကြပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စင်ကာပူနှင့်အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံဆွေးနွေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ၄-၅-၂၀၂၃ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌တွေ့ဆုံဆွေးနွေးခဲ့ပါသည်။



ထိုသို့တွေ့ဆုံစဉ် ရှေးယခင်ကတည်းက နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ကောင်းမွန်ခဲ့မှုနှင့် တိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ ယဉ်ကျေးမှုနှင့် ဘာသာရေး အပြန်အလှန်ဖလှယ်ရေး၊ ဘာသာရေးအရ ချစ်ကြည်ရင်းနှီးမှုမှသည် နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြားနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက် ခိုင်မာလာနိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ရုရှားအော်သိုဒေါ့ ဘုရားကျောင်း တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ရုရှားနိုင်ငံတွင် ဗုဒ္ဓစင်တာနှင့် ရွှေစည်းခုံစေတီတော်ပုံစံတူ တည်ဆောက်ထားမှု အခြေအနေများ၊ ကမ္ဘာ့အကြီးဆုံးဖြစ်လာမည့် စကျင်ကျောက်တော်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိမှုအခြေအနေများကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ပြီး ဘုန်းတော်ကြီးက မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ဆုမွန်တောင်းစကားပြောကြားခဲ့ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း(၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့မှ ကြီးမှူးကျင်းပသည့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကို ၁၄-၅-၂၀၂၃ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ချီးမြှင့်ခဲ့ပါသည်။



အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာ-အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြ ပါသည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာအိန္ဒိယ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့်သံတမန်ဆက်ဆံခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် မိန့်ခွန်းပြောကြား ရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်နေ့၌ပင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သည့်အတွက် ယခုအခါ(၇၅)နှစ်မြောက် စိန်ရတုတိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား စိန်ရတုသံတမန် ဆက်ဆံမှုနှင့် ချစ်ကြည်မှုမှသည် ရေးယခင်အစဉ်အလာများနှင့်အညီ ပိုမိုတိုးတက်ခိုင်မြဲသည့် ရင်းနှီးချစ်ကြည်မှုကို ဆက်လက်တည်ဆောက်နိုင်ပါစေကြောင်း၊ နှစ်နိုင်ငံကြား အစိုးရအဖွဲ့အစည်းများသာမက ပြည်သူများ အချင်းချင်းပါ ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းမှုများ တိုးတက်ပေါ်ပေါက်နိုင်ပါစေကြောင်း၊ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုမှသည် နိုင်ငံများ၏ အကျိုး၊ ပြည်သူများ၏ အကျိုး၊ ဒေသအကျိုးစီးပွားများ တိုးတက်မြှင့်တင်နိုင်ခြင်းနှင့်အတူ ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းမှု၊ သာယာဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆောင်ကြဉ်းပေးနိုင်ပါစေကြောင်း၊ မြန်မာ–အိန္ဒိယ ချစ်ကြည်ရေး အခွန့်ရှည် တည်တံ့ခိုင်မြဲပါစေကြောင်းနှင့် မြန်မာ–အိန္ဒိယ နှစ်ပြည်ထောင်လုံး အေးချမ်းစည်ပင် ဖွံ့ဖြိုးတိုးတက်ပါစေကြောင်းကို ဆန္ဒပြုဆုတောင်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားဖွင့်ပွဲ အခမ်းအနားကျင်းပ

အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သော ကုလားတန် မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၏ စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားဖွင့်ပွဲအခမ်းအနားကို ၉-၅-၂၀၂၃ ရက်နေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ်စစ်တွေမြို့ရှိ ဆိပ်ကမ်း၌ ကျင်းပခဲ့ပါသည်။



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ အိန္ဒိယနိုင်ငံ ဆိပ်ကမ်းများ၊ သင်္ဘောလုပ်ငန်းနှင့် ရေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Shri Sarbananda Sonowal ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ထင်လတ်ဦး၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ခဲ့ကြပါသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ ဖြင့် ဆောင်ရွက်ခဲ့သည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် စစ်တွေကုလားတန် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း ဖွင့်လှစ်နိုင်မှုသည် အိန္ဒိယနိုင်ငံအတွက်သာမက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွက်ပါ များစွာအကျိုး ဖြစ်ထွန်းစေနိုင်မည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ ပင်လယ်ရေကြောင်းလမ်း၊ ပြည်တွင်းရေကြောင်းလမ်းနှင့် မော်တော်ကားလမ်းကို ချိတ်ဆက်၍ ဘက်စုံသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ခြင်းကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်

ဒေသတွင်းကုန်သွယ်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များအကြား လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုလည်း ပိုမိုကောင်းမွန်လာပြီး ဒေသခံများ၏ လူမှုစီးပွားဘဝသည်လည်း များစွာတိုးတက်လာမည်ဖြစ်ကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိမည်ဖြစ်ပါကြောင်း၊ စစ်တွေဆိပ်ကမ်းမှ တစ်ဆင့် အိန္ဒိယနိုင်ငံနှင့် သာမက ဒေသတွင်းနိုင်ငံများနှင့်ပါ တိုက်ရိုက်ကုန်သွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

MYANMAR EMBASSY TOKYO

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အာရှပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Alexander James Matheou ကို လက်ခံတွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC)၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou ကို ၂၆-၄-၂၀၂၃ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



တွေ့ဆုံစဉ် IFRC ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးက IFRC ၏ လုပ်ငန်းသဘော သဘာဝ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) က ဆောင်ရွက်နေသည့် လုပ်ငန်းများ ပိုမိုအားကောင်း လာစေရေး ကူညီပံ့ပိုးပေးနေမှုကို ဆွေးနွေးပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေး၊ သန့်ရှင်းရေး၊ အသိပညာပေးရေးကဏ္ဍများတွင် နည်းပညာအကူအညီများ ပေးအပ်ရေးနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေး ပြောကြားခဲ့ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဆိုင်ရာဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီး မစ္စတာဆာအု(ဒ်)ဘင် အဗ္ဗဒူ(လ်)လာအယ်လ် စုဘိုင် ကို ၁၀-၅-၂၀၂၃ ရက်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



တွေ့ဆုံစဉ် မြန်မာ-ဆော်ဒီအာရေဗျနှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး တိုးတက်ခိုင်မာရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်သွားရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားရေး စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြ သည်။

MYANMAR EMBASSY

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဂျပန်နိုင်ငံခြားသတင်းထောက်များအသင်း ( Foreign Correspondent Club of Japan-FCCJ) ၏ ဥက္ကဋ္ဌဟောင်း Mr. KHALDON AZHARI နှင့် တွေ့ဆုံဆွေးနွေး

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ ဂျပန်နိုင်ငံခြားသတင်းထောက်များအသင်း ( Foreign Correspondent Club of Japan-FCCJ ) ၏ ဥက္ကဋ္ဌဟောင်း Mr. KHALDON AZHARI နှင့် ၁၂-၅-၂၀၂၃ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေမှု၊ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာ မီဒီယာများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ရင်းရင်းနှီးနှီး အမြင်ချင်း ဖလှယ်ခဲ့ကြပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အသစ် ခန့်အပ်လွှာပေးအပ်




နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အသစ် Ms. Noriko Takagi သည် ၁၆-၅-၂၀၂၃ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်ခဲ့ပါသည်။

MYANMAR EMBASSY

## ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ရုံး (WFP) ၏ မြန်မာနိုင်ငံဆိုင်ရာညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ် Mr. Stephen Anderson ကို ၁၇-၅-၂၀၂၃ ရက်နေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။



တွေ့ဆုံစဉ် WFP ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်က မြန်မာနိုင်ငံဆိုင်ရာမဟာဗျူဟာအစီအစဉ် (၂၀၂၃) နှင့် စပ်လျဉ်းသည့် နားလည်မှုစာလွှာ လက်မှတ်ရေးထိုးပြီးစီးမှု အခြေအနေနှင့် WFP မှ မြန်မာနိုင်ငံတွင်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးပြောကြားခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် WFP တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ၊ သဘာဝဘေးအန္တရာယ် ကျရောက်စဉ်ကာလအတွင်း လိုအပ်သည့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများပေးအပ်ရေးနှင့် ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” တိုက်ခတ်ခဲ့သည့် ဒေသများရှိ ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အစိုးရနှင့် နီးကပ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရှိရပါသည်။

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် သတင်း

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအား ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၂၃ ခုနှစ်၊ မေလ (၅) ရက်နေ့မှ မေလ(၁၇) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ဦးဆောင်သော မြန်မာနိုင်ငံမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါသည်။



အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အရှေ့တောင်အာရှနိုင်ငံ (၁၁)နိုင်ငံလုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။ ပြိုင်ပွဲတွင် ဆုတံဆိပ်ချီးမြှင့်သည့် အားကစားနည်း (၃၆)မျိုး ထည့်သွင်းကျင်းပခဲ့ပြီး ရွှေတံဆိပ် စုစုပေါင်း ( ၅၈၆ ) ခု ချီးမြှင့်ခဲ့ပါသည်။ မြန်မာအားကစားအဖွဲ့သည် ဝူရှူး၊ စနူကာ၊ **Pool 9 Ball** ၊ ပိုက်ကျော်ခြင်း၊ **E-sports** ၊ ကြက်တောင်၊ ဘိလိယက်၊ ရိုးရာလှေ၊ အလေးမ၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ဘောလီဘောနှင့် ဘောလုံး အစရှိသည့် အားကစားနည်း (၂၀)ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်ဆု (၂၁)ခု၊ ငွေတံဆိပ် (၂၅)ခုနှင့် ကြေးတံဆိပ်(၆၈)ခု စုစုပေါင်း (၁၁၄)ခု ရယူနိုင်ခဲ့ပြီး နိုင်ငံ အလိုက် ဆုရရှိမှုတွင် အဆင့် (၈)နေရာ ရပ်တည်ခဲ့ပါသည်။

## သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ဆက်ကပ်ခံရသည့် ဂျပန်နိုင်ငံမှ ဘွဲ့ခံဆရာတော်ကြီး (၂)ပါးအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၃ ခုနှစ် အတွက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ဆက်ကပ်အပ်နှင်းခြင်းခံရသည့် ဂျပန်နိုင်ငံ၊ အိအိဂျီမ ရပ်ကွက်၊ ဟိုခိုတမြို့၊ ထေရဝါဒ ဓမ္မစာရီမြန်မာကျောင်းတိုက်၊ ဂျော့ရှင်းအန်း ဝိပဿနာတရားရိပ်သာမှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဉာဏုတ္တရနှင့် ဂျပန်နိုင်ငံ၊ ခိတကျူးရှူးမြို့၊ မိုဂျီကမ္မာအေးစေတီကျောင်း၊ မြန်မာဘုန်းတော်ကြီးကျောင်းတိုက်မှ ဘဒ္ဒန္တ သောဘဏတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်းနှင့် အန္တရာယ်ကင်း ပရိတ်တရားတော်နာကြားခြင်း အခမ်းအနားကို ၂၈-၄-၂၀၂၃ ရက် ( သောကြာနေ့ ) ဂျပန်ဒေသစံတော်ချိန်၊ နံနက် (၁၀၃၀) နာရီ အချိန်တွင် မြန်မာသံရုံး၊ တိုကျိုမြို့၊ သံအမတ်ကြီးနေအိမ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။




ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသောဘဏ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ပါသည်။ ထို့နောက် အဂ္ဂမဟာပ ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရသည့် ဘဒ္ဒန္တ ဉာဏုတ္တရနှင့် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရသည့် ဘဒ္ဒန္တ သောဘဏ အား သံအမတ်ကြီး ဦးစိုးဟန်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ခဲ့ပြီးနောက် ဝမ်းမြောက်ဂုဏ်ပြုစကား လျှောက်ထားပြောကြားခဲ့ပါသည်။ ဆက်လက်၍ သံအမတ်ကြီးနှင့် ဇနီး၊ သံရုံး ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များမှ လှူဖွယ်ဝတ္ထုများ အသီးသီးဆက်ကပ် လှူဒါန်းခဲ့ကြပါသည်။



ထို့နောက် ဆရာတော်ကြီးများမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ခဲ့ရာ တက်ရောက်လာသည့် ဧည့်ပရိတ်သတ်များမှ ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြပြီးနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု (၃) ကြိမ် ရွတ်ဆို၍ အခမ်းအနားအား ရုတ်သိမ်းခဲ့ပါသည်။ ထို့နောက် သံအမတ်ကြီးနှင့် ဇနီး၊ သံရုံးဝန်ထမ်းများ၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များက ဆရာတော်ကြီး (၂) ပါးအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

MYANMAR EMBASSY

## The Asia–Pacific Festival & Charity Bazaar 2023 ဈေးရောင်းပွဲတော်တွင် မြန်မာ့ရိုးရာလက်မှုပစ္စည်းများ ပြသရောင်းချခဲ့ခြင်း

ဂျပန်နိုင်ငံရှိ The Asia–Pacific Ladies friendship Society (ALFS) အဖွဲ့ကြီးမှ ကြီးမှူး ကျင်းပသည့် The Asia–Pacific Festival & Charity Bazaar 2023 ဈေးရောင်းပွဲတော်အား ၁၀–၅–၂၀၂၃ ရက် ( ဗုဒ္ဓဟူးနေ့ ) တွင် တိုကျိုမြို့ရှိ Meiji Kinenkan ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာသံရုံး၊ တိုကျိုမြို့မှ မြန်မာ့ရိုးရာ လက်မှုပစ္စည်းများ၊ စားသောက်ကုန်များ ပါဝင်ခင်းကျင်း ပြသရောင်းချခဲ့ပါသည်။

The Asia– Pacific Ladies friendship Society (ALFS) အား ဂျပန်နိုင်ငံ၊ တိုကျိုမြို့ အခြေစိုက် အာရှ–ပစိဖိတ်ဒေသ နိုင်ငံများရှိ သံရုံးပေါင်း (၂၆)ရုံးမှ သံအမတ်ကြီးများ၊ သံအမတ် ကြီးများ၏ ဇနီးများ၊ ဂျပန်အမျိုးသမီး အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားပြီး အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများနှင့် ဂျပန်ပြည်သူများ အကြား ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ခြင်းဖြင့် ခင်မင်ရင်းနှီးမှု မြှင့်တင်ရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား လူမှုရေး၊ ပညာရေးကဏ္ဍများတွင် ပါဝင်ဖြည့်ဆည်း အထောက်အကူပြုရေး ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းကာ အပြန်အလှန် လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။



အဆိုပါ The Asia–Pacific Festival & Charity Bazaar 2023 သို့ တော်ဝင်မင်းသမီး H.I.H Princess Hanako Hitachi ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး၏ ဇနီး Mrs. Yuko Hayashi ၊ The Asia–Pacific Ladies friendship Society ၏ ဥက္ကဋ္ဌ Mrs. Haruko Komura နှင့် အဖွဲ့ဝင်များ၊ တိုကျိုမြို့ အခြေစိုက် အာရှပစိဖိတ်ဒေသရှိ နိုင်ငံများ၏ သံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီးများ၊ သံရုံးယာယီ တာဝန်ခံများနှင့် ဇနီးများ၊ သံတမန်များ တက်ရောက်ခဲ့ကြပါသည်။ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးစိုးဟန်နှင့် ဇနီး ပါဝင်တက်ရောက်ခဲ့ပါသည်။ ဈေးရောင်းပွဲတော်သို့ ဂျပန်နိုင်ငံသားများ အပါအဝင် ဧည့်သည်စုစုပေါင်း (၃,၀၀၀) ကျော် လာရောက်ကြည့်ရှု အားပေးခဲ့ကြပါသည်။




The Asia–Pacific Festival & Charity Bazaar 2023 တွင် မြန်မာသံရုံးမှ ဆိုင်ခန်းဖွင့်လှစ်၍ မြန်မာ့ယဉ်ကျေးမှု ရိုးရာယွန်းထည်ပစ္စည်းများ၊ မြန်မာ့တွင်းထွက် ကျောက်စိမ်း လက်ဝတ်ရတနာများ၊ မြန်မာ့ငွေထည်ပစ္စည်းများ၊ မြန်မာ့ရွှေချည်ထိုး၊ ငွေချည်ထိုး အသုံးအဆောင်များ၊ မြန်မာ့သစ်ဖြင့် ပြုလုပ်ထားသည့် အသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့အစားအသောက်များ၊ မြန်မာ့ကော်ဖီ ထုတ်ကုန်များ၊ မြန်မာ့ဝါအား ဂျပန်နည်းပညာကို အသုံးပြု၍ ထုတ်လုပ်ထားသည့် လူသုံးကုန်ပစ္စည်းများ ခင်းကျင်းပြသ ရောင်းချခဲ့ပါသည်။

MYANMAR EMBASSY

## ၂၀၂၃-၂၀၂၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ဧပြီလတွင် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်း ( ၃၉၀ ) ကျော်လွန်နေသည့် သတင်း

၂၀၂၃-၂၀၂၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ်၏ ဧပြီလအတွင်း မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုပမာဏ စုစုပေါင်းသည် အမေရိကန်ဒေါ်လာ ( ၃၉၃.၂၃၃ ) သန်း ရှိနေပြီ ဖြစ်ကြောင်း၊ လွန်ခဲ့သည့်နှစ် ဧပြီလတွင် အမေရိကန်ဒေါ်လာ ( ၃၂၉.၀၄၆ ) သန်း ရှိခဲ့ရာ အမေရိကန် ဒေါ်လာ ( ၆၄.၁၈၇ ) သန်း သိသိသာသာ တိုးမြင့်လာကြောင်း သိရှိရပါသည်။




မြန်မာနိုင်ငံရှိ တာချီလတ်မြို့၊ မြဝတီမြို့၊ ကော့သောင်းမြို့၊ မြိတ်မြို့၊ ထီးခီးမြို့နှင့် မောတောင်မြို့များမှ တစ်ဆင့် ထိုင်းနိုင်ငံနှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါမြို့များအနက် ၂၀၂၃ ခုနှစ်၊ ဧပြီလတွင် ထီးခီးမြို့ရှိ ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၂၇၃.၃၆၆) သန်းရှိခဲ့ရာ နယ်စပ်ကုန်သွယ်မှုပမာဏ အများဆုံး မြို့ဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ကျန်မြို့များရှိ ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ကုန်သွယ်မှုပမာဏမှာ မြဝတီမြို့သည် အမေရိကန်ဒေါ်လာ (၉၇.၁၁၃) သန်း၊ တာချီလတ်မြို့သည် အမေရိကန်ဒေါ်လာ ( ၁၂.၉၈၆ ) သန်း၊ မြိတ်မြို့သည် အမေရိကန်ဒေါ်လာ ( ၇.၁၈၉ ) သန်း၊ ကော့သောင်းမြို့သည် အမေရိကန်ဒေါ်လာ ( ၂.၄၉၁ ) သန်းနှင့် မောတောင်မြို့သည် အမေရိကန်ဒေါ်လာ ( ၀.၀၈၈ ) သန်း ရှိပါသည်။

ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်လာသည့်အတွက် မြန်မာနိုင်ငံမှ ထွက်ရှိသည့် စားသောက်ကုန်များ ( ကြက်သွန်နီ၊ ဆန်မှုန့်၊ ငရုပ်သီးမှုန့် ) ကို ထိုင်းနိုင်ငံမှ ဝယ်ယူအား မြင့်မားလာခဲ့ပြီး၊ စားသောက်ဆိုင်များနှင့် စားသောက်ကုန်လုပ်ငန်းများတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာသည်ကို သိရှိရပါသည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါ သဘာ၀ဘေးအန္တရာယ်သင့်ခဲ့သည့် ဒေသများရှိ ပြည်သူများအတွက် ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် စေတနာရှင်များက ငွေလှူဒါန်းခဲ့ခြင်း




ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် သဘာ၀ဘေးအန္တရာယ်သင့်ခဲ့ရသည့် ဒေသများရှိ ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် မြန်မာသံရုံး၊ တိုကျိုမြို့ရှိ သံအမတ်ကြီးနှင့် သံရုံး၀န်ထမ်းများ၊ နာဂိုယာမြို့နှင့် ကိုဘေးမြို့များရှိ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်များ၊ ဂျပန်စီးပွားရေးကုမ္ပဏီများ၊ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားစေတနာရှင်များ၊ ဂျပန်နိုင်ငံသားစေတနာရှင်များ၊ ဂျပန်နိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားနေကြသော အစိုးရပညာသင်များမှ စုပေါင်းလှူဒါန်းငွေ ယန်း ၂,၁၃၈,၉၀၀/- ( ယန်းနှစ်သန်းတစ်သိန်းသုံးသောင်းရှစ်ထောင်ကိုးရာတိတိ ) အား မြန်မာသံရုံးမှ အမျိုးသား သဘာ၀ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ၂၉-၅-၂၀၂၃ ရက်နေ့က ပေးပို့လှူဒါန်းသွားမည်ဖြစ်ပါသည်။



